ပြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 5 , 2023 | Volume 73, Number 3

၅.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၄၈၀၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၃.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၈.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၀.၈ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၅၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ကျောက်ဆည်တွင် ငှက်ပျောသီးနှံများ ဈေးကောင်းရ



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင်း၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ငှက်ပျောသီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧက (၂၉၃၃)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၊ လက်ရှိအချိန်တွင် (၁၂၁၀) ဧက ရိတ်သိမ်းပြီးစီးကြောင်း၊ ပျမ်းမျှအထွက်နှုန်းအနေဖြင့် ငှက်ပျောခိုင်ပေါင်း (၉၆၀၀၀၀) ခိုင် ထွက်ရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ငှက်ပျောတစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်းကုန်ကျစရိတ် (၁,၅၀၀,၀၀၀) ကျပ်ကုန်ကျပြီး တစ်ဧကအထွက်နှုန်း အနေဖြင့် ငှက်ပျောခိုင် (၈၀၀) ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် အခိုင် (၄၀) ပါ ငှက်ပျောလှည်းတစ်စီးလျှင် (၄,၀၀,၀၀၀) ကျပ်ခန့်ဖြင့် ရောင်းချရကြောင်း၊ ကြိုရောင်း ဈေးနှုန်းအနေဖြင့် ငှက်ပျောလှည်းတစ်စီးလျှင် (၃၀၀,၀၀၀)ကျပ်ဖြင့် ရောင်းချရကြောင်း၊ ယခင်နှစ်၌ ငှက်ပျောသီး(ဖီးကြမ်း) လက်ရင်းတစ်ဖီးလျှင် (၂,၈၀၀)ကျပ်၊ လက်ဖျား တစ်ဖီးလျှင်(၂,၃၀၀)ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခုအချိန်တွင် ငှက်ပျောသီး (ဖီးကြမ်း) လက်ရင်းတစ်ဖီးလျှင် (၃,၀၀၀)ကျပ်၊ လက်ဖျားတစ်ဖီးလျှင် (၂,၅၀၀) ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ငှက်ပျောသီးဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း ငှက်ပျောစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**Source: DOCA (မန္တလေး)**

https://www.commerce.gov.mm/my/article/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၈-၁၁-၂၀၂၃ မှ ၁-၁၂-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၉၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၇၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၁၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၄၀၀၊ မြင်းခြံရှယ် ကျပ် ၃၈၅၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၄၅၀၊ မြင်းခြံလတ်သန့် ကျပ် ၃၀၀၀၊ မြင်းခြံလတ်ချော ကျပ် ၂၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြင်းခြံရှယ် ကျပ် ၃၅၀၊ မြင်းခြံလတ်ကြီး ကျပ် ၄၅၀၊ မြင်းခြံလတ်သန့် ကျပ် ၃၅၀ နှင့် မြင်းခြံလတ်ချော ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး၊ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၈ စီး( ၆၄၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၀ စီး (၄၈၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီ ကားစီးရေ ၂၈ စီး ( ၁၆၈၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၂၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၀၃၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀၈၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ်မှာ ဈေးငြိမ်လျက်ရှိပြီး အောင်ပန်းထူး-၂ ကျပ် ၅၀၀၊အောင်ပန်းထူး-၃ ကျပ် ၇၀၀၊အောင်ပန်းထူး-၄ ကျပ် ၉၀၀ နှင့် အောင်ပန်း ထူး-၅ ကျပ် ၉၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၂၀၀(၆၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၈၀၀ (၅၄၀၀၀ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၄၀၀ (၁၂၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## နိုဝင်ဘာလတွင် ဆန်တန်ချိန် ၁,၇၀,၀၀၀ ကျော် ပြည်ပသို့တင်ပို့ထားကာ ပြီးခဲ့သည့်လထက် ပိုမိုတင်ပို့ထားခြင်းဖြစ်

ပြီးခဲ့သည့် နိုဝင်ဘာလတွင် ဆန်တန်ချိန် ၁,၇၀,၀၀၀ ကျော်ပြည်ပသို့ တင်ပို့ထားကာ ပြီးခဲ့သည့်လထက် ပိုမိုတင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။

အောက်တိုဘာလတွင် ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ၁,၁၉,၅၂၆ တန်တင်ပို့ထားပြီး ကန်ဒေါ်လာ ၆၃ သန်းရရှိထားကာ နိုဝင်ဘာလတွင် ဆန်တန်ချိန် ၁,၇၅,၉၉၀ တန်တင်ပို့ခဲ့ပြီးကန်ဒေါ်လာ သန်း ၉၀ ရရှိထားကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်ဖြစ်သည့် ဧပြီလမှနိုဝင်ဘာလအတွင်း ပြည်ပသို့ဆန်တန်ချိန် ၇,၅၉,၆၇၃ တန်တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၆၁ သန်းရရှိထားကြောင်း သိရသည်။

ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်တန်ချိန် နှစ်သန်းတင်ပို့နိုင်ရန် မျှော်မှန်းထားခြင်းဖြစ်သည်။ ထို့ပြင် ပြည်ပသို့ဆန်တင်ပို့ရန် လိုင်စင်လျှောက်ထားရာတွင်လည်း ယခင်က ၁၀၀ ရာခိုင်နှုန်း ဆန်လက်ဝယ်ရှိမှသာ လိုင်စင်ထုတ်ပေးမည်ဟု အသိပေးထုတ်ပြန်ထားသော်လည်း ယခုအခါ ၅၀ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်ကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ အသိပေးထုတ်ပြန်ထားသည်။

**Source:** https://www.popularmyanmar.com/?p=140070

## စိုက်စရိတ်မြင့်တက်သော်လည်း တရုတ်လိုအပ်ချက်နည်းသဖြင့် ပြည်တွင်း၌ ပဲတီစိမ်းဈေးအနည်းငယ်ကျ

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များမြင့်တက်လာသော်လည်း လိုအပ်ချက်နည်းသဖြင့် တရုတ်ဈေးကွက်မှ ဈေးတိုးမပေးခြင်းကြောင့် ပြည်တွင်းဈေးကွက်မှာ ပဲတီစိမ်းဈေးအနည်းငယ်ကျဆင်းလာပါတယ်။

တောင်သူတွေက လက်ရှိဖြစ်နေတဲ့ ပဲတီစိမ်းဈေးကွက်အခြေအနေပေါ်သုံးသပ်ပြီး လာမဲ့ပဲတီစိမ်းပေါ်ချိန်မှာ တစ်တင်းကို ၆၀၀၀၀ ကျပ်ရနိုင်ကြောင်း မျှော်လင့်ချက်နဲ့တွက်ချက်ပြီး စိုက်ပျိုးကြတာဖြစ်တယ်လို့သိရပါတယ်။ ပဲတီစိမ်းရွှေဝါက

ပြည်တွင်းမှာစိုက်ပျိုးတဲ့ ပဲတီစိမ်းတွေထဲမှာ ဈေးတန်းအမြင့်ဆုံးနဲ့ ပဲစတင်ပေါ်ချိန်မှာဈေးကွက်ဝယ်လိုအား အကောင်းဆုံးဖြစ်တယ်လို့သိရပါတယ်။ "ခရမ်းတစ်မြို့နယ်လုံးကရွာတွေ အကုန်စိုက်ကြတာ၊ ကေသိန်းချီရှိတယ်။ ခရမ်းပဲတီစိမ်းက ကမ္ဘာထိပေါက်တယ်၊ ရေမြေကောင်းတော့ ပဲအရောင်နဲ့အရည်အသွေးကလှတယ်၊ ကောင်းတယ်"လို့ ခရမ်းမြို့နယ်မှာ ပဲတီစိမ်း ၂၄ ဧကစိုက်ထားတဲ့ တောင်သူဦးဌေးက ပြောပါတယ်။

ပြည်တွင်းမှာ ပဲတီစိမ်း ဈေးကျနေပေမဲ့လည်း ပဲတီစိမ်းရွှေဝါကို တရုတ်ကကြိုက်ပြီး ဝယ်လိုအားကောင်းလို့ ဈေးကောင်းရတာကြောင့် ပဲတီစိမ်းရွှေဝါထွက်တဲ့ ရန်ကုန်တိုင်းမှာ ဆောင်းပဲတီစိမ်း စိုက်ဧက ၃ သိန်းကျော် စိုက်ပျိုးထားတယ်လို့ သိရပါတယ်။

ယခုနှစ်မှာ ပဲတီစိမ်းတစ်ဧကကို လယ်ထွန်စက်မောင်းခက ဈေးတက်သွားသလို အလုပ်သမားငှားရမ်းခတွေကလည်းဈေးတက်သွားကြောင်း၊ ထို့အတူ စိုက်ပျိုးရေးဆေးနဲ့ပဲမျိုးဈေးကလည်းတက်တာကြောင့် တစ်ဧကစိုက်ပျိုးမှုကုန်ကျစရိတ်က ၆ သိန်းလောက်ရှိတယ်လို့ သိရပါတယ်။

ဒါပေမဲ့ ပဲတီစိမ်းတစ်ဧကကို ပုံမှန် ၁၅ တင်းလောက်ထွက်လေ့ရှိတာကြောင့် လာမယ့် ပဲတီစိမ်းရွှေဝါ ခူးဆွတ်ချိန်မှာ ပိဿာ ၂၀ တစ်တင်းကို ၆,၀,၀၀၀ ကျပ်ရရှိပါက တောင်သူတွေအတွက် အကျိုးအမြတ်က တစ်ဧကကို ၃ သိန်းလောက်ရရှိနိုင်တယ်လို့သိရပါတယ်။ "ပဲတီစိမ်းက ဈေးအေးတယ်။ တရုတ်က အခုနှစ်သိပ်ဈေးမပေးဘူး၊ လိုအပ်ချက်သိပ်မရှိတော့လေ၊ ဒါပေမဲ့ ခရမ်းသုံးခွပဲက အရည်အသွေးလှတယ်၊ လူကြိုက်များတယ်။ ကျပ် ၅၀,၀၀၀ အောက်တော့ မကျနိုင်ပါဘူး၊ ၆၅,၀၀၀ ကျပ်လောက်ထိဖြစ်နိုင်တယ်။ မြန်မာပြည်ရဲ့ပဲတီစိမ်းက တရုတ်တစ်ပေါက်ပဲရှိတယ်၊ တခြားနိုင်ငံတွေကမဝယ်ဘူး"လို့ အောင်လံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးက သုံးသပ်ပြောဆိုပါတယ်။

လက်ရှိ ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်းခရမ်းရွှေဝါ ပိဿာ ၂၀ ကို ၆၈,၆၀၀ ကျပ်ရှိပြီး၊ ပဲတီစိမ်း ပဲခူးရွှေဝါက ၆၅၃၀၀ ကျပ်ရှိပြီး ပဲတီစိမ်း ဝါးခယ်မက ပိဿာ ၂၀ ကို ၅၂,၆၀၀ ကျပ်သာရှိပါတယ်။ မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းအညာက ပိဿာ ၂၀ ကို ၅၀၀၀၀ ကျပ်သာရှိတယ်လို့သိရပါတယ်။

၂၀၂၂-၂၀၂၃ ခုနှစ်မှာ ရန်ကုန်တိုင်းအတွင်း ဆောင်းပဲတီစိမ်း(ရွှေဝါ) စိုက်ဧက ၃,၅၈,၈၃၃ ဧက စိုက်ပျိုးခဲ့ပြီး အထွက်နှုန်းအနေနဲ့ တစ်ဧကမှာ ၁၅ တင်းနှုန်းနဲ့ စုစုပေါင်းတန်ချိန် ၁,၆၉,၂၉၁ ကျော် ထွက်ရှိခဲ့တယ်လို့ သိရပါတယ်။ ပဲတီစိမ်းရွှေဝါကို မိုးစပါးစိုက်ပျိုးပြီး ရိတ်သိမ်းပြီးချိန် နိုဝင်ဘာလမှာ စတင်စိုက်ပျိုးကြပြီး အချိန်နှစ်လခွဲလောက်မှာ သီးနှံဆွတ်ခူးရိတ်သိမ်းရတာဖြစ်တယ်လို့ သိရပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ရွှေဘိုမြို့၌ နှမ်းဈေးနှုန်း အနည်းငယ်မြင့်တက်



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ နိုဝင်ဘာလ (တတိယပတ်)မှ စတင်၍ နှမ်းဖြူနှင့်နှမ်းနက်များဝင်ရောက်ခဲ့ရာ နိုဝင်ဘာလ(နောက်ဆုံးပတ်)တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းများမှာ နှမ်းဖြူတစ်တင်းလျှင် ၁,၁၃,၃၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ (၉၀၀) တင်း/တန်အားဖြင့် (၂၂) တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နှမ်းနက်တစ်တင်းလျှင် ၁,၁၁,၆၀၀ ကျပ် ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ (၁,၀၀၀)တင်း၊ တန်အားဖြင့် (၂၄)တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နိုဝင်ဘာလ(တတိယပတ်) နှင့် နိုဝင်ဘာလ(နောက်ဆုံးပတ်)အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများကိုနှိုင်းယှဉ်ပါက နိုဝင်ဘာလ(တတိယပတ်)တွင် နှမ်းဖြူတစ်တင်းလျှင် ၁,၁၀,၀၀၀ ကျပ်နှင့် နှမ်းနက်တစ်တင်းလျှင် ၁,၀၈,၃၀၀ကျပ် ပေါက်ဈေးရှိခဲ့သဖြင့် နိုဝင်ဘာလ (စတုတ္ထပတ်) တွင် နှမ်းဖြူတစ်တင်းလျှင် ၃၃၀၀ ကျပ်နှင့် နှမ်းနက်တစ်တင်းလျှင် ၃၃၀၀ ကျပ် ဈေးနှုန်းပိုမို၍ အရောင်းအဝယ်

ဖြစ်ခဲ့ကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%9B%

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၈-၁၁-၂၀၂၃ မှ ၁-၁၂-၂၀၂၃) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၇,၉၀,၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၀,၀၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၂,၅၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၄၆,၀၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၈၁,၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၁,၅၀,၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး ( တန်ချိန် ၈၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၅ လုံး(တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၉,၀၀၀၊ မြားနီ ကျပ် ၉၀၀၀၊ အိမ်မဲ ကျပ် ၇,၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆,၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆,၀၀၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၂၅၀၀ (၅၀,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀၀ (၄,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၀၀၀ (၄၀,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၅၀၀ (၁၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၂၀၀ (၃,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၁,၂၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂,၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၄၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၁၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၅၆၀၀၊ ကြံသကာ(စစ်) ကျပ် ၄၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၇၈၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက် ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုအခြေအနေများ တင်ပြ

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်မှု (ပို့ကုန်/သွင်းကုန်) အခြေအနေကို လေ့လာကြည့်မည်ဆိုပါက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံဖြစ်သဖြင့် ပင်လယ်ရေကြောင်း သာမက ကုန်းလမ်းကြောင်း (နယ်စပ်) ဖြင့်ပါ ကုန်သွယ်ရေး ဆောင်ရွက်နိုင်သည့် အားသာချက်ရှိပါသည်။ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံအကြား ပင်လယ်ရေကြောင်းနှင့်နယ်စပ်တို့မှ နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေသည် ၂၀၂၁ ခုနှစ်တွင် ဘတ် ၂၂၆,၁၇၁ ဒသမ ၈၉ သန်း၊ ၂၀၂၂ ခုနှစ်တွင် ဘတ် ၂၈၆,၅၅၄ ဒသမ ၅၃ သန်း အသီးသီးရှိခဲ့ပါသည်။ ကိန်းဂဏန်း ဖော်ပြချက်များအရ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ကုန်သွယ်မှုပိုငွေ ဘတ် ၄၆,၃၂၁ ဒသမ ၁၈ သန်းနှင့် ၃၈,၈၀၇ ဒသမ ၁၂ သန်း အသီးသီးဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှအောက်တိုဘာလအထိ ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများအကြား ပို့ကုန်တန်ဖိုးသည် ဘတ် ၈,၁၀၉,၇၆၅ ဒသမ ၆၄ သန်း၊ သွင်းကုန်တန်ဖိုးသည် ဘတ် ၈,၄၃၉,၂၆၇ ဒသမ ၇၅ သန်းရှိခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ဘတ် (-) ၃၂၉,၅၀၂ ဒသမ ၁၁ သန်း ဖြစ်ပေါ်ခဲ့ကြောင်းသိရှိရပါသည်။ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏမှာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပို့ကုန်တန်ဖိုးသည် ဘတ် ၁၂၈,၉၁၂ ဒသမ ၅၄ သန်းရှိခဲ့ပြီး သွင်းကုန်တန်ဖိုးမှာ ၉၀,၂၇၇ ဒသမ ၃၈ သန်းဖြစ်သဖြင့် ကုန်သွယ်မှုပိုငွေ ဘတ် ၃၅,၅၆၁ ဒသမ ၂၉ သန်း ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၂ ခုနှစ် ကာလတူနှင့်နှိုင်းယှဉ်ကြည့်ပါက ပို့ကုန်တွင် (-) ၅ ဒသမ ၉၂ ရာခိုင်နှုန်း လျော့နည်းတင်ပို့ခဲ့ပြီး သွင်းကုန်တွင်လည်း (-) ၁၁ ဒသမ ၀၂ ရာခိုင်နှုန်း လျော့နည်းတင်သွင်း ခဲ့ကြောင်း တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံမှမြန်မာနိုင်ငံသို့ အဓိကတင်ပို့သည့်ကုန်စည်များမှာ အသင့်စားဆီ၊ အဖျော်ယမကာ၊ မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အလှကုန်များနှင့်အရေပြားထိန်းသိမ်းသည့်အလှကုန်များ၊ ပလတ်စတစ်အလုံးများ၊ ဂျုံထုတ်ကုန်များ၊ သံ၊ သံမဏိ၊ အဆီများ၊ အပင်နှင့်တိရစ္ဆာန်မှရရှိသည့် ဆီများ၊ အဝတ်အထည်များ၊ စက်ပစ္စည်းများ၊ ဖက်စ်၊ တယ်လီဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ လယ်ယာစက်မှုထုတ်ကုန်များ၊ ပလတ်စတစ်ထုတ်ကုန်များနှင့် အခြားစက်မှုထုတ်ကုန်များ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့တင်သွင်းသည့် ကုန်စည်များမှာ သဘာဝဓာတ်ငွေ့၊ အပင်နှင့် အပင်ထွက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့်အသီးအနှံများ၊ အသားများ၊ သတ္တုရိုင်း၊ သတ္တုအပိုင်းအစများ၊ လတ်ဆတ်၊ အေးခဲ၊ ပြုပြင်ပြီး ရေထွက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ကော်ဖီ၊ လက်ဖက်နှင့်ဟင်းခတ်အမွှေးအကြိုင်များ၊ ဝါယာကြိုးများ၊ သစ်ထွက်ကုန်များ၊ အသင့်ချုပ်ပြီးအထည်များ၊ ကျောက်မျက်ရတနာနှင့်ရွှေငွေလက်ဝတ်ရတနာများနှင့် သံနှင့်သံမဏိ ထုတ်ကုန်များဖြစ်ကြောင်း တွေ့ရှိရပါသည်။

နှစ်အလိုက် နှစ်နိုင်ငံကုန်သွယ်မှုပမာဏများကို နှိုင်းယှဉ်သုံးသပ်ရာတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှအောက်တိုဘာလအထိ အတိုင်း၊ ၂၀၂၃ ခုနှစ်၌ ကုန်သွယ်မှုပမာဏတွင် ပို့ကုန်၊ သွင်းကုန်များအလိုက် လျော့နည်းနေသော်လည်း ကုန်သွယ်မှုပိုငွေ ပိုမိုနေကြောင်း တွေ့ရှိရပါသည်။ ယင်းမှာ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော ရေကြီး၊ ရေလျှံမှုကြောင့် အာရှလမ်းမကြီး၏ မြဝတီ–ကော့ကရိတ်လမ်းပိုင်းပျက်စီးခဲ့ရပြီး ကုန်စည်စီးဆင်းမှု အနည်းငယ်နှောင့်နှေးခဲ့ရခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source:

https://tradereport.moc.go.th/Report/Default.aspx?Report=Menucom Top NCountry&Option=1&Lang=Th&ImExType=1

https://tradereport.moc.go.th/Report/Default.aspx?Report=MenucomTopNCountry&Option=2&Lang=Th&ImExType=0

https://tradereport.moc.go.th/Report/Default.aspx?Report=TradeThSummary

(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

https://myantrade.gov.mm/article/Naypyitawstp_041220230405

# STOCK EXCHANGE (5.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Dec. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,309 (Shares) | 2,890,650 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -200 | -2.33% | 8,600 | 8,600 | 8,400 | 22 | 188,200 | 33,109,694 | 278,121 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 255 | 726,950 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | -200 | -2.74% | 7,300 | 7,300 | 7,100 | 26 | 188,800 | 10,400,986 | 73,847 |
| FPB | 00004 | 1,550 | -50 | -3.13% | 1,550 | 1,600 | 1,550 | 695 | 1,086,000 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | -50 | -2.04% | 2,400 | 2,400 | 2,400 | 96 | 230,400 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 201 | 402,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,800 | 14 | 68,300 | 10,497,598 | 51,438 |
| MAEX | 00008 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 0 | 0 | 23,804,946 | 39,278 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 5th Dec. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.43 | -5.74 | -1.58% | 360.35 | 361.14 | 355.87 | 1,309 | 2,890,650 | 8 | 672,290 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 6th Dec. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,393 (Shares) | 17,686,650 (MMK) |

| MYANPIX | 362.68 ▲ 6.25 |
|---|---|
| Total Volume (shares) | 5,393 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 684,086 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 300 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 300 |
| FPB | 00004 | 1,600 | ▲ 50 |
| TMH | 00005 | 2,350 | ▼ 50 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 200 |
| MAEX | 00008 | 1,650 | ▲ 0 |